# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၁/ ၂၀၂၄)　　　　　　　　၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၃၁) ရက်

| ၃၁- ၁၀- ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၇၉.၇ |
| စင်္ကာပူဒေါ်လာ | ၁,၅၈၉.၃ |
| စတာလင်ပေါင် | ၂,၇၂၆.၃ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၇၉.၈ |
| တရုတ်ယွမ် | ၂၉၅.၀၇ |
| ဟောင်ကောင် ဒေါ်လာ | ၂၇၀.၁၉ |
| အိန္ဒိယရူပီး | ၂၄.၉၇၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၂.၄၄ |
| မလေးရှား ရင်းဂစ် | ၄၇၉.၅၆ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၁၃၂ |
| ထိုင်းဘတ် | ၆၂.၂၈၇ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၃၀၃၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- တရုတ်နိုင်ငံ၌ မက္ကဒေးမီးယားအတွက် ဈေးကွက်အလားအလာကောင်းများရှိနေ
- ဩစတေးလျနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများသည် တရုတ်ဈေးကွက်သို့ ဝင်ရောက်ရန် အလျင်လိုလျက်ရှိ
- လာအိုနိုင်ငံမှ တရုတ်-လာအို အအေးခန်းတွဲရထားဖြင့် ပထမဆုံးတင်ပို့သည့် ငှက်ပျောသီးများသည် ပေကျင်းမြို့သို့ ရောက်ရှိ
- ရုရှားသည် အိန္ဒိယမှ ရေထွက်ကုန်များတင်သွင်းမှု ၃၄ ရာခိုင်နှုန်းကျဆင်း

- **အထွေထွေသတင်းများ**

- ရူပီးကို နိုင်ငံတကာမှ လက်ခံအသုံးပြုလာအောင် ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို များစွာအကျိုးပြု
- ရုရှားဗဟိုဘဏ်က အလုပ်သမားရှားပါးမှု တိုးလာကြောင်း ပြောကြား
- ရုရှားနိုင်ငံ၏ GDP တိုးတက်မှုသည် ၂၀၂၄ ခုနှစ်တွင် ၄ ရာခိုင်နှုန်းရှိမည်ဟု ရုရှားသမ္မတ ပြောကြား

## တရုတ်နိုင်ငံ၌ မက္ကဒေးမီးယားအတွက် ဈေးကွက်အလားအလာကောင်းများရှိနေ

World Macadamia Organisation (WMO)၏ မကြာသေးမီက ခန့်မှန်းချက်အရ ကမ္ဘာ့အခွံပါမက္ကဒေးမီးယား ထုတ်လုပ်မှုသည် ၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန်ချိန်(၄၀၀,၀၀၀)ခန့်သို့ ရောက်ရှိနိုင်မည်ဟု သိရှိရပြီး ၂၀၂၉ ခုနှစ်တွင် မက်ထရစ်တန်(၅၆၀,၀၀၀)နှင့် ၂၀၃၀ ပြည့်နှစ်တွင် မက်ထရစ်တန် (၆၀၀,၀၀၀)နီးပါးအထိ ရှိလာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့မက္ကဒေးမီးယားလုပ်ငန်းသည် နှစ်အလိုက်တိုးတက်မှုနှုန်း (၁၀.၂)% ဖြင့် လျင်မြန်စွာ တိုးတက်နေသည့်အနေအထားကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ရကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းမှာပင် kernel ဖြင့် တိုင်းတာသော ကမ္ဘာလုံးဆိုင်ရာ မက္ကဒေးမီးယားအစေ့လိုအပ်ချက်သည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် (၆၄,၀၀၀)ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် မက်ထရစ်တန် (၁၃၇,၀၀၀)အထိ မြင့်တက်မည်ဟု ခန့်မှန်းထားပြီး (၅)နှစ်တာကာလအတွင်း နှစ်ဆကျော် တိုးတက်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့မက္ကဒေးမီးယား ရောင်းလိုအားနှင့် ဝယ်လိုအား လျင်မြန်စွာ မြင့်တက်လာမှုတွင် တရုတ်နိုင်ငံသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ရောင်းလိုအားဘက်တွင် မကြာသေးမီက International Nut & Dried Fruit Council (INC) ကွန်ဂရက်များတွင် တရုတ်ကိုယ်စားလှယ်များမှ မျှဝေထားသော ကိန်းဂဏန်းများအရ တရုတ်နိုင်ငံ၏ မက္ကဒေးမီးယားထုတ်လုပ်မှုသည် ၂၀၂၉ ခုနှစ်တွင် ခန့်မှန်းခြေအားဖြင့် မက်ထရစ်တန်(၁၁၈,၅၀၀)အထိ တိုးလာမည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။

ဝယ်လိုအားဘက်တွင် တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်၌ မြောက်အမေရိကကို ကျော်တက်ကာ ကမ္ဘာ့အကြီးဆုံးမက္ကဒေးမီးယား စားသုံးသူဈေးကွက်ဖြစ်လာပြီး လာမည့် (၅)နှစ်အတွင်း တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် မျှော်လင့်ကြောင်း၊ မက္ကဒေးမီးယားလုပ်ငန်းစု၏ ခန့်မှန်းချက်များအရ တရုတ်၏ kernel ဖြင့်တိုင်းတာသော မက္ကဒေးမီးယားအစေ့ဝယ်လိုအားသည် ၂၀၂၂ ခုနှစ်တွင် မက်ထရစ်တန် (၁၇,၅၀၀)မှ ၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် (၂၉,၅၀၀)အထိ (၇၀)%ခန့် သိသိသာသာမြင့်တက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်အတွက် ကနဦးခန့်မှန်းထားခဲ့သည့် မက်ထရစ်တန် (၂၀,၃၀၀) ထက် ကျော်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထို့အပြင် တရုတ်နိုင်ငံ၏ မက္ကဒေးမီးယားအစေ့လိုအပ်ချက်သည် ၂၀၂၇ ခုနှစ်တွင် မက်ထရစ်တန် (၄၆,၅၀၀)အထိ တိုးမြင့်လာမည်ဟု ခန့်မှန်းထားကြောင်း၊ အဓိကအားဖြင့် အခွံပါမက္ကဒေးမီးယားကို သရေစာအဖြစ်စားသုံးမှု၊ မက္ကဒေးမီးယားအစေ့သရေစာမုန့်များနှင့် အစားအစာပြုပြင်ထုတ်လုပ်ရာတွင် ပါဝင်ပစ္စည်းအဖြစ်အသုံးပြုခြင်းတို့က ဈေးကွက်ဝယ်လိုအားကို တိုးတက်လာစေမည်ဟု ခန့်မှန်းထားကြောင်း၊ ၎င်းတို့၏ ဝယ်လိုအားများသည် မက်ထရစ်တန် (၁၃,၀၀၀)မှ (၂၈,၀၀၀)၊ မက်ထရစ်တန် (၁,၀၀၀)မှ (၈,၀၀၀)နှင့် မက်ထရစ်တန် (၂,၀၀၀)မှ (၈,၀၀၀)တို့သို့ အသီးသီးမြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၌ မက္ကဒေးမီးယားအစေ့ စားသုံးမှု လျင်မြန်စွာကြီးထွားလာမှု၏ နောက်ကွယ်တွင် ဈေးနှုန်း၊ ဆန်းသစ်သော သရေစာများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ဖြန့်ဖြူးရောင်းချသည့်နေရာ ပိုမိုများပြားလာမှုနှင့် သေးငယ်သည့် ထုပ်ပိုးမှုပုံစံတို့သည် အဓိကမောင်းနှင်အားများဖြစ်သည်ဟု WMO မှ ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

2024 China International Tree Nuts Conference တွင် Foshan Liushe Food Co. Ltd. (佛山市六社食品有限公司)မှ တင်ပြသည့် အချက်အလက်များအရ တရုတ်နိုင်ငံ၏ မက္ကဒေးမီးယားစိုက်ပျိုးဧရိယာသည် ၂၀၂၄ ခုနှစ်တွင် ဟက်တာ (၃၄၅,၀၀၀)အထိရှိပြီး ယူနန်ပြည်နယ်တွင် ဟက်တာ (၂၈၀,၀၀၀)ရှိ၍ အခြားမက္ကဒေးမီးယားအဓိက စိုက်ပျိုးသည့်ဒေသများမှာ ကွမ်ရှီးဒေသနှင့် ကွမ်တုန်းပြည်နယ်တို့ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၂၄ ခုနှစ်၊ မေလတွင် ထုတ်ပြန်ခဲ့သော International Nut and Dried Fruit Council မှ အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အခွံပါ မက္ကဒေးမီးယားထုတ်လုပ်မှု (အစိုဓာတ် ၃.၅ %)သည် မက်ထရစ်တန် (၆၇,၉၀၀)အထိရှိကြောင်း သိရှိရပါသည်။

ကွမ်တုန်းပြည်နယ်ရှိ အခွံမာသီး လုပ်ငန်းရှင်များအသင်း၏ အချက်အလက်များအရ တရုတ်နိုင်ငံ၏ အခွံပါမက္ကဒေးမီးယား တင်သွင်းမှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် စုစုပေါင်း မက်ထရစ်တန် (၈၄,၀၀၀)ရှိကြောင်း၊ တရုတ်၏ အခွံပါမက္ကဒေးမီးယား စားသုံးမှုသည် ၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန် (၁၅၀,၀၀၀)ရှိမည်ဟု ခန့်မှန်းထားရာ တင်သွင်းမှုသည် မက်ထရစ်တန် (၇၀,၀၀၀) နှင့် ပြည်တွင်းထုတ်လုပ်မှုသည် မက်ထရစ်တန် (၈၀,၀၀၀)ရှိမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် တရုတ်ဈေးကွက်၌ မက္ကဒေးမီးယားအစေ့သည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးပိုမြင့်ကြောင်း၊ ဥပမာအားဖြင့် မက္ကဒေးမီးယားအဓိကထွက်ရှိရာဒေသများရှိ ခြံများ၌ ဈေးနှုန်းသည် တစ်ကီလို ဂရမ်လျှင် (၉.၅)ယွမ် (အမေရိ

ကန်ဒေါ်လာ ၁.၃၃)အထိ မြင့်တက်လာဖွယ်ရှိပြီး ၂၀၂၃ ခုနှစ်က ထက် (၁၉)% မြင့်တက်လာကြောင်း သိရှိရပါသည်။

လက်ရှိအချိန်တွင် သရေစာအဖြစ်စားသုံးသည့် အစေ့အဆံများသည် တရုတ်နိုင်ငံ၏ အစာပြေမုန့် စားသုံးမှု၏ (၂၀)%ခန့်ရှိပြီး အစေ့အဆန်များ၏ဝေစုသည် တဖြည်းဖြည်း တိုးတက်လာလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် လူတစ်ဦးလျှင် အခွံမာသီး ပျမ်းမျှနေ့စဉ်စားသုံးမှုမှာ (၁၀) ဂရမ်ဝန်းကျင်ဖြစ်ပြီး၊ ၎င်းသည် အစိုးရ၏ အကြံပြုထားသောအဆင့်ထက် ကျော်လွန်လျက်ရှိကြောင်းနှင့် တရုတ်နိုင်ငံတွင် အစေ့အဆံများကို အဆာပြေစားသုံးမှုသည် အစောပိုင်းအဆင့်တွင်သာ ရှိနေသေးကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံရှိ မက္ကဒေးမီးယားထုတ်ကုန်များကို အမျိုးအစားများစွာ ခွဲခြားနိုင်ပြီး သမာရိုးကျ အခွံပါမက္ကဒေးမီးယားများထုတ်ကုန်များသည် ဈေးကွက်၏ (၅၀)% ရှိ၍ မက္ကဒေးမီးယားအစေ့သည် (၄၅)%နှင့် မုန့်များနှင့် ရေခဲမုန့်များတွင် အသုံးပြုသော အမှုန့်များကဲ့သို့သော အခြားသုံးစွဲမှုများသည် (၅)% ဖြစ်ကြောင်း သိရှိရပါသည်။

WMO ၏ ဈေးကွက်သုတေသနပြုချက်အရ မကြာသေးမီနှစ်များအတွင်း မက္ကဒေးမီးယားအစေ့များသည် ၎င်းတို့၏ နူးညံ့သောအသွင်အပြင်နှင့် ကြွယ်ဝသောခရင်မ်အရသာတို့ကြောင့် ထိပ်တန်းစားသောက်ကုန်ကုမ္ပဏီများအတွက် အဓိကပါဝင်ပစ္စည်းများဖြစ်လာခဲ့ကြောင်း၊ မက္ကဒေးမီးယားအစေ့များသည် အာဟာရဓာတ် ပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် လိုအပ်သောအရည်အသွေးမြင့် အဆီများကို ပေးစွမ်းနိုင်ပြီး glycemic index နည်းပါးကြောင်း၊ သို့သော်လည်း စားသုံးသူအများအပြားသည် မက္ကဒေးမီးယားအစေ့၏ အာဟာရဆိုင်ရာတန်ဖိုးများကို သတိမပြုမိကြသဖြင့် စားသုံးသူများ၏ သဘောထားအမြင်များကို ပြောင်းလဲရန် လိုအပ်ပြီး အခွင့်အလမ်းများပိုမိုဖန်တီးနိုင်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံရှိ Want Want Group မှ မက္ကဒေးမီးယားနို့ကို မိတ်ဆက်ခဲ့ပြီး Chacha Food သည် မက္ကဒေးမီးယားအမှုန့်ကို ထုတ်လုပ်ခဲ့ကြောင်း၊ ထို့အပြင် မက္ကဒေးမီးယားအစေ့များ ပါရှိသည့် တီထွင်ဆန်းသစ်သော အခြားသရေစာများလည်း ဈေးကွက်တွင် ထွက်ပေါ်လာခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

လက်ရှိတွင် တရုတ်နိုင်ငံ၌ အခွံပါမက္ကဒေးမီးယားသည် စားသုံးမှုကို လွှမ်းမိုးထားသော်လည်း မက္ကဒေးမီးယားအစေ့ဖြင့်ပြုလုပ်ထားသည့် သရေစာမုန့်အမျိုးမျိုးကို ဆန်းသစ်တီထွင်မှုသည် စားသုံးမှုပုံစံများကို စဉ်ဆက်မပြတ် ပြောင်းလဲစေသောကြောင့် မက္ကဒေးမီးယား ရောင်းချမှုကို မြင့်တက်လာစေကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: [https://www.producereport.com/article/bright-prospects-macadamia-nuts-china](https://www.producereport.com/article/bright-prospects-macadamia-nuts-china)

**ဩစတေးလျနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများသည် တရုတ်ဈေးကွက်သို့ ဝင်ရောက်ရန် အလျင်လိုလျက်ရှိ**

Global Times ၏ သတင်းတစ်ပုဒ်အရ တရုတ်နှင့် ဩစတြေးလျနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တည်ငြိမ်နေချိန်တွင် နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုဖွင့်လှစ်ရန် အလားအလာရှိနေကြောင်း၊ ဩစတြေးလျနိုင်ငံရှိ စိုက်ပျိုးရေးကုမ္ပဏီများသည် တရုတ်ဈေးကွက်၏ အရေးပါမှုကို သိရှိကြပြီး တတ်နိုင်သမျှ အမြန်ဆုံးဈေးကွက်ပြန်လည် ဝင်ရောက်ရန် စိတ်အားထက်သန်နေကြကြောင်း သိရှိရပါသည်။

သို့သော်လည်း တရုတ်နိုင်ငံတွင် ဩစတြေးလျထွက်ကုန်များသည် ဈေးကွက်ဝေစုတစ်စိတ်တစ်ပိုင်းကို အခြားနိုင်ငံများမှ ပြိုင်ဘက်များထံ ဆုံးရှုံးသွားရာ တရုတ်ဈေးကွက်သို့ ပြန်လည်ဝင်ရောက်ရန် စီစဉ်နေသည့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ရပ်တည်မှုနှင့် ဖောက်သည်ပြန်လည်ရရှိရေး စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရမည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း၊ ယခုနှစ် ဒုတိယနှစ်ဝက်တွင် ဩစတြေးလျနိုင်ငံ၏ ထောပတ်သီး၊ ဘလူးဘယ်ရီ၊ ပင်လယ်စာနှင့် ဝိုင် အပါအဝင် ဩစတြေးလျစိုက်ပျိုးရေးကဏ္ဍများမှ ကိုယ်စားလှယ်များက တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး အမြတ်အစွန်းများသည့် တရုတ်ဈေးကွက်သို့ ဝင်ရောက်နိုင်စေရန် မျှော်လင့်လျက်ရှိကြောင်း သိရှိရပါသည်။

ဩဂုတ်လကုန်တွင် Avocados Australia ၏ CEO ဖြစ်သူ John Tyas နှင့်အတူ ဩစတြေးလျထောပတ်သီးလုပ်ငန်းမှ အခြားကိုယ်စားလှယ်များသည် ဈေးကွက်သုတေသနအတွက် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ကြောင်း၊ ကိုယ်စားလှယ်များသည် ယူနန်၊ ရှန်ကျန့်နှင့် ရှန်ဟိုင်းတို့အပါအဝင်

Agribusiness & Trade

နေရာအများအပြားသို့ သွားရောက်ခဲ့ပြီး တရုတ်ပြည်တွင်းရှိ အဓိကအဖွဲ့အစည်းများ၊ တင်သွင်းသူများ၊ လက်ကားရောင်းချသူများ၊ လက်လီရောင်းချသူများနှင့် တွေ့ဆုံခဲ့ကြကြောင်း၊ ပြီးခဲ့သည့်နှစ်၊ နိုဝင်ဘာလတွင် Avocados Australia အဖွဲ့သည် ဩစတြေးလျ ထောပတ်သီးများအတွက် ဈေးကွက်ဝင်ရောက်ခွင့်ရရှိရေး ကြိုးပမ်းအားထုတ်မှု မြင့်တင်ရန် ရည်ရွယ်ချက်ဖြင့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် မျှဝေနိုင်ရန် China Entry-Exit Inspection and Quarantine Association နှင့် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

ဂျပန်နိုင်ငံသည် တစ်ချိန်က အာရှတွင် ထောပတ်သီးစားသုံးမှု အများဆုံးနိုင်ငံဖြစ်ခဲ့သော်လည်း ယခုအခါ တရုတ်နိုင်ငံက ကျော်တက်သွားခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ၌ ထောပတ်သီးတင်သွင်းမှုနှင့် တင်ပို့မှု စုစုပေါင်းပမာဏသည် (၃၁၀)% မြင့်တက်ခဲ့ပြီး တန်ချိန် (၆၅,၆၀၀)သို့ ရောက်ရှိခဲ့ကြောင်း၊ ကုန်သွယ်မှုတန်ဖိုးသည် စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၀၆) သန်းအထိ (၂၃၅)% တိုးလာခဲ့ကြောင်း၊ ယခုအခါ ပီရူး၊ ချီလီ၊ မက္ကဆီကို၊ ဖိလစ်ပိုင်၊ ကိုလံဘီယာ၊ နယူးဇီလန်၊ အမေရိကန်၊ ကင်ညာ၊ တန်ဇန်းနီးယားနှင့် တောင်အာဖရိက အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားသည် တရုတ်နိုင်ငံသို့ ထောပတ်သီးများ တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၁၃ ခုနှစ်မှစတင်၍ Avocados Australia သည် တရုတ်ဈေးကွက်သို့ ဝင်ရောက်ရန် လုပ်ဆောင်လျက်ရှိကြောင်း၊ ဩစတြေးလျ ထောပတ်သီးများသည် နှစ်အနည်းငယ်အတွင်း တရုတ်နိုင်ငံမှ တင်သွင်းသော ထောပတ်သီးဈေးကွက်၏ (၅၀)ရာခိုင်နှုန်းအထိ သိမ်းပိုက်နိုင်မည်ဟု အဖွဲ့အစည်းက ယုံကြည်ကြောင်း၊ တရုတ်ဈေးကွက်သို့ ဝင်ရောက်မှုသည် ဩစတြေးလျ ထောပတ်သီးတင်ပို့မှုပမာဏကို နှစ်ဆကျော် တိုးတက်လာနိုင်စေပြီး ပို့ကုန်တန်ဖိုးမှာ ဩစတြေးလျ ဒေါ်လာသန်း (၁၀၀) အောက်မှ သန်း (၃၀၀)ကျော်အထိ မြင့်တက်လာနိုင်ကြောင်း သိရှိရပါသည်။

ထို့အပြင် Berries Australia ၏ အမှုဆောင်ဒါရိုက်တာ Rachel Mackenzie က ၎င်းတို့အသင်းသည် မကြာသေးမီက အာရှဈေးကွက်အတွက် အထွေထွေမန်နေဂျာတစ်ဦးကို ခန့်အပ်ခဲ့ပြီး မန်နေဂျာသစ်သည် တရုတ်နိုင်ငံအနှံ့ ကွန်ရက်များချဲ့ထွင်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်နှင့် ဩစတြေးလျအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရန် တရုတ်နိုင်ငံသို့ လစဉ်သွားရောက်ခဲ့ ကြောင်းလည်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: [https://www.producereport.com/article/australian-agricultural-bodies-rush-china-market-access](https://www.producereport.com/article/australian-agricultural-bodies-rush-china-market-access)

Agribusiness & Trade

## လာအိုနိုင်ငံမှ တရုတ်-လာအို အအေးခန်းတွဲရထားဖြင့် ပထမဆုံးတင်ပို့သည့် ငှက်ပျောသီးများသည် ပေကျင်းမြို့သို့ ရောက်ရှိ

လာအိုနိုင်ငံမှ လတ်လတ်ဆတ်ဆတ် ငှက်ပျောသီးများသည် တရုတ်-လာအိုရထား (Vientiane-Kunming-Beijing Pinggu)၏ ပထမဆုံး နိုင်ငံတကာ အအေးခန်းတွဲရထားဖြင့် ၂၀-၁၀-၂၀၂၄ ရက်နေ့တွင် ပေကျင်းမြို့ရှိ Jing Ping Logistics Hub သို့ ရောက်ရှိလာခဲ့ကြောင်း Global Times သတင်း၌ ဖော်ပြထားသည်ဟု သိရှိရပါသည်။

ဒေသတွင်းကုန်သွယ်မှုကို မြှင့်တင်ရန် ရည်ရွယ်ပြီး တရုတ်-လာအိုရထား၏ သယ်ယူပို့ဆောင်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် ပေကျင်းအစိုးရသည် စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာလအစောပိုင်းတွင် ရထားခရီးစဉ်ကို ပုံမှန်ပြေးဆွဲနိုင်မည်ဟု မျှော်လင့်ထားကြောင်း Global Times သည် Pinggu ခရိုင်အစိုးရထံမှ သိရှိရကြောင်း ဖော်ပြထားပါသည်။

အောက်တိုဘာလ (၁၂)ရက်နေ့က ငှက်ပျောသီးတန်ချိန် (၃၉၀)ပါရှိသည့် အအေးခန်းတွဲရထားသည် လာအိုနိုင်ငံ၊ ဗီယင်ကျန်းတောင်ပိုင်း ဘူတာမှ ထွက်ခွာလာပြီး တရုတ်နိုင်ငံ၊ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ မိုဟန်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝင်ရောက်ခဲ့ကာ အအေးကွင်းဆက် သယ်ယူပို့ဆောင်ရေးမှတစ်ဆင့် ပေကျင်းမြို့သို့ ရောက်ရှိလာခဲ့ကြောင်း သိရှိရပါသည်။

သမာရိုးကျနည်းလမ်းများနှင့် နှိုင်းယှဉ်ပါက ယခုသယ်ယူပို့ဆောင်မှုသည် အအေးခန်းကွင်းဆက်နှင့် ကောင်းမွန်သော ထောက်ပံ့ပို့ဆောင်ရေးစနစ်ကို အသုံးပြုခဲ့သဖြင့် သယ်ယူပို့ဆောင်မှုကို မြန်ဆန်စေပြီး ကုန်ကျစရိတ်များကို လျှော့ချပေးကြောင်း China Railway Special Cargo Logistics Co ၏ Cold Chain Logistics ဌာနမှ ဒါရိုက်တာ Yi Qiang က Global Times သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပထမအအေးခန်းတွဲရထားကို အောင်မြင်စွာ ပြေးဆွဲနိုင်စေရန်အတွက် ကုမ္ပဏီသည် ငှက်ပျောသီးသယ်ယူပို့ဆောင်ရန် လိုအပ်သည့် အပူချိန်၊ စိုထိုင်းဆနှင့် အခြားအခြေအနေများကို တိကျစွာစီမံခန့်ခွဲ၍ ၎င်း၏ အအေးကွင်းဆက်ကွန်တိန်နာများကို အသုံးပြုကာ သီးသန့်ထောက်ပံ့ ပို့ဆောင်ရေးအစီအစဉ်ကို ဆောင်ရွက်ပေးခဲ့ကြောင်း Yi က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Agribusiness & Trade

လာအိုနိုင်ငံသည် ငှက်ပျောစိုက်ပျိုးရန်အတွက် အကောင်းဆုံးမြေဆီလွှာနှင့် ရာသီဥတုရှိပြီး ချိုပြီးနူးညံ့သည့် ငှက်ပျောသီးများ ထွက်ရှိသည့်အတွက် တရုတ်စားသုံးသူများကြား ရေပန်းစားလာကြောင်း လာအိုငှက်ပျောသီးလက်လီရောင်းချသူ Beijing Yongxin Hengchang Fruit Co.,Ltd ၏ အထွေထွေမန်နေဂျာ Zhang Zhongyi မှ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုတင်ပို့ခဲ့သော ငှက်ပျောသီးများကို JD.com၊ Meituan နှင့် Guoduomei တို့ကဲ့သို့ အဓိက platform များအပါအဝင် အွန်လိုင်းနှင့် ပုံမှန်ဈေးများမှတစ်ဆင့် ဖြန့်ဝေရောင်းချမည်ဖြစ်ပြီး တစ်ပတ်အတွင်း ရောင်းကုန်မည်ဟု ခန့်မှန်းထားကြောင်း Zhang မှ ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Jing Ping Logistics Hub Co ၏ CEO ဖြစ်သူ Zhao Liang က အဆိုပါတင်ပို့မှုသည် ဗီယင်ကျန်းမြို့မှ ပေကျင်းမြို့သို့ ပထမဆုံးအကြိမ်အဖြစ် အအေးခန်းတွဲရထားဖြင့် တိုက်ရိုက်ပို့ဆောင်ခြင်းဖြစ်ပြီး တရုတ်စားသုံးသူများအား အရည်အသွေးမြင့် အရှေ့တောင်အာရှ သစ်သီးဝလံများကို ပို့ဆောင်ပေးသည့် မှတ်တိုင်တစ်ခုဖြစ်သည်ဟု Global Times သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် လာအိုနိုင်ငံမှ နှစ်စဉ် ငှက်ပျောသီးတန်ချိန် (၇)သိန်းခန့် တင်သွင်းလျက်ရှိကြောင်း၊ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုကို ပိုမိုမြှင့်တင်ရန် တရုတ်-လာအို ကုန်စည်ပို့ဆောင်ရေးရထားပြေးဆွဲခြင်းနှင့်အတူ တရုတ်နိုင်ငံမြောက်ပိုင်းရှိ ပေကျင်း-ထျန်ကျင်း-ဟောပေဒေသတို့မှ သစ်သီးဝလံများ၊ အသေးစားစက်မှုလုပ်ငန်းသုံးကုန်ပစ္စည်းများ၊ အီလက်ထရွန်းနစ်နှင့် ခေတ်မီလယ်ယာထွက်ကုန်များကို လာအို၊ ထိုင်း၊ စင်ကာပူနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက်ရှိ အခြားနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း Pinggu ခရိုင်အစိုးရမှ တာဝန်ရှိသူတစ်ဦးက Global Times သို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်သည် တရုတ်-လာအို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (၁၅) နှစ်မြောက် နှစ်ပတ်လည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဝန်ကြီးချုပ်များအကြား မကြာသေးမီက တွေ့ဆုံမှုအပြီးတွင် အရည်အသွေးမြင့်မား၍ အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုကို အဓိကထားသည့် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် လာအိုနိုင်ငံတွင် အကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဖြစ်ပြီး နယ်ပယ်အသီးသီးတွင် တရုတ်နိုင်ငံနှင့် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန်အတွက် အလားအလာများစွာကို လာအိုနိုင်ငံက မျှော်လင့်ထားကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: en.people.cn/n3/2024/1021/c90000-20231678.html

## ရုရှားသည် အိန္ဒိယမှ ရေထွက်ကုန်များတင်သွင်းမှု ၃၄ ရာခိုင်နှုန်းကျဆင်း

၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် ရုရှားနိုင်ငံသည် အိန္ဒိယရေထွက်ကုန်များဖြစ်သည့် ပုစွန်အမျိုးအစားအချို့ တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၁၀.၈ သန်းရှိပြီး ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၃၄ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း အိန္ဒိယစာရင်းအင်း ဝန်ဆောင်မှုအချက်အလက်များက ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း တင်သွင်းမှုပမာဏသည် ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက ငါးပုံတစ်ပုံနီးပါး လျော့ကျသွားသည်။ မော်စကိုသည် နယူးဒေလီမှ ပုစွန်မျိုးစိတ်များထဲက အချို့သော ပုစွန်အမျိုးအစားများ အထူးသဖြင့် ပုစွန်ဖြူများကို ဩဂုတ်လတွင် ဒေါ်လာ ၁၀.၇ သန်းနှင့် ရေချိုပုစွန်အချို့ကို ဒေါ်လာ ၁၃၀,၀၀၀ ဖြင့် ဝယ်ယူခဲ့သည်။

၂၀၂၄ ခုနှစ်၊ ၈ လတာကာလအတွင်း ရုရှားသည် အိန္ဒိယမှ အမေရိကန်ဒေါ်လာ ၈၂.၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်များကို ဝယ်ယူတင်သွင်းခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁.၃ ဆ လျော့ကျသွားသည်။ အဆိုပါကာလအတွင်း ပုစွန်ဖြူ(ကန်ဒေါ်လာ ၇၉ သန်း)နှင့် ရေချိုပုစွန်(ကန်ဒေါ်လာ ၁.၁ သန်း) ဝယ်ယူတင်သွင်းခဲ့သည်။ ထို့အပြင် ပုစွန်ကျား(ကန်ဒေါ်လာ ၄၁၀,၀၀၀)၊ အေးခဲပြည်ကြီးငါး (ကန်ဒေါ်လာ ၁၇၀,၀၀၀)၊ အေးခဲရေဘဝဲ(ကန်ဒေါ်လာ ၁၄၀,၀၀၀) နှင့် အခြားရေထွက်ကုန် ပမာဏအနည်းငယ်ကိုလည်း တင်သွင်းခဲ့သည်။

ရုရှားသည် ဩဂုတ်လတွင် အိန္ဒိယပင်လယ်စာများ ဝယ်ယူတင်သွင်းသည့်နိုင်ငံများအနက် အဆင့် ၇ နေရာတွင် ရပ်တည်ခဲ့သည်။ ထိပ်ဆုံး ၅ နိုင်ငံတွင် အမေရိကန် (ဒေါ်လာ ၁၈၀ သန်း)၊

Agribusiness & Trad

တရုတ် (ဒေါ်လာ ၄၉ သန်း)၊ ဂျပန် (ဒေါ်လာ ၃၆ သန်း)၊ ဘယ်လ်ဂျီယံ (ဒေါ်လာ ၁၆ သန်း) နှင့် ကနေဒါ (ဒေါ်လာ ၁၄ သန်း)တို့ ပါဝင်သည်။

ရုရှားမှ အဓိကတင်သွင်းသော ရေထွက်ကုန်အမျိုးအစားများမှာ အေးခဲငါးများ အပါအဝင် Vannamei ပုစွန်၊ ပုစွန်ကျား၊ ပုစွန်ဖြူ၊ salmon နှင့် ပြည်ကြီးငါးများဖြစ်သဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော ပုစွန်များအား ရုရှားနိုင်ငံသို့ တင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်း သိရှိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://ria.ru/20241027/moreprodukty-1980327855.html

.................................................................................................................................................

## ရူပီးကို နိုင်ငံတကာမှ လက်ခံအသုံးပြုလာအောင်ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို များစွာအကျိုးပြု

ရူပီးကို နိုင်ငံတကာမှလက်ခံအသုံးပြုလာအောင်ဆောင်ရွက်ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို များစွာအကျိုးပြုစေကြောင်း၊ အထူးသဖြင့် Goa ပြည်နယ်၏ ကုန်သွယ်မှုနှင့် စက်မှုလက်မှု အခင်းအကျင်းကို အထောက်အကူပြုလျက်ရှိကြောင်း The Times of India က ယခုလ ၂၈ ရက်က ဖော်ပြသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းသုံးငွေ ရူပီးကို အပြည်ပြည်ဆိုင်ရာ အပေးအယူကိစ္စရပ်များ၌ ဖလှယ်ရေးကိရိယာအဖြစ် လည်းကောင်း၊ တန်ဖိုးကိုသိုလှောင်ပေးခြင်းနှင့် ငွေစာရင်းယူနစ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်လက်ခံလာအောင် ဆောင်ရွက်လျက်ရှိပြီး၊ အမေရိကန်ဒေါ်လာအပေါ် မှီခိုမှု လျှော့ချရန်၊ ကမ္ဘာ့စီးပွားရေးအပေါ် လွှမ်းမိုးနိုင်မှုမြှင့်တင်ရန်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်၊ ဘဏ္ဍာရေးတည်ငြိမ်မှု ပိုမိုကောင်းမွန်ရန်နှင့် စရိတ်စကများလျှော့ချနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် အပြည်ပြည်ဆိုင်ရာ အရန်ငွေကြေးတွင် ရူပီး၏ ပါဝင်မှု အချိုးအစား မြင့်တက်လာကာ အစိုးရအတွက်လည်း အကျိုးအမြတ်ရှိစေကြောင်း သိရသည်။

ရူပီးငွေကို အပြည်ပြည်ဆိုင်ရာသုံးငွေကြေးအဖြစ်သုံးစွဲခြင်းဖြင့် အခြားတိုင်းပြည်များနှင့် အပေးအယူကိစ္စရပ်များဆောင်ရွက်ရာ၌ ၎င်းငွေအား တိုက်ရိုက်အသုံးပြုနိုင်သည်။ ထို့ကြောင့် ငွေ

Agribusiness Trade

ကြေးတစ်မျိုးမှ တစ်မျိုးသို့ ပြောင်းလဲရာတွင် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်နှင့် ထိခိုက်နစ်နာနိုင်ခြေကို လျှော့နည်းစေကြောင်း သိရသည်။

Goa ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေး၌ အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ပြီး၊ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့်ရရှိကြောင်း သိရသည်။ ပြည်နယ်၏ အဓိကပို့ကုန်များမှာ ဆေးဝါး၊ အင်ဂျင်နီယာထုတ်ကုန်များ၊ ဓါတုဗေဒထုတ်ကုန်များ၊ အီလက်ထရောနစ်၊ ပင်လယ်ထွက်ကုန်၊ သံရိုင်းနှင့် အခြားထွက်ကုန်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၄ ခုနှစ် ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ စုစုပေါင်းပို့ကုန်မှာ ကန်ဒေါ်လာ ၇၇၈ ဘီလီယံရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သတင်းအချက်အလက်နှင့် စာရင်းအင်းညွှန်ကြားမှုဌာန (Directorate general of commercial intelligence and statistics-DGCI&S) အရ သိရသည်။ Goa ပြည်နယ်သည် ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ထိုင်း၊ မလေးရှားနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် အဓိက ကုန်သွယ်လျက်ရှိပြီး၊ ရူပီးငွေအသုံးပြုပေးချေမှုမှတစ်ဆင့် အကျိုးအမြတ်ရရှိစေကြောင်း သိရသည်။ ဝေးလံသော အရှေ့အလယ်ပိုင်းနိုင်ငံများနှင့်လည်း ရူပီး-ဒါဟမ် (rupee-dirham)၊ ရူပီး-ရီယယ် (rupee-riyal) ပေးချေမှုများဖြင့် မကြာမီဆောင်ရွက်လာနိုင်တော့မည်ဖြစ်သဖြင့် ပိုမိုလွယ်ကူမြန်ဆန်သော တိုက်ရိုက်ကုန်သွယ်မှုများ ပြုလုပ်လာနိုင်မည်ဟု သိရသည်။

ယင်းသို့ဆောင်ရွက်နိုင်ခြင်းကြောင့် Goa ပြည်နယ်၏ ကုန်စည်ပို့ဆောင်ရေးကဏ္ဍကိုလည်း သိသိသာသာ အကျိုးအမြတ်ရရှိစေသည်ဟု ဆိုသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံးနှင့် အရေးအကြီးဆုံး ဆိပ်ကမ်းများအနက် တစ်ခုဖြစ်သော Goa ပြည်နယ် Mormugao ဆိပ်ကမ်းသည် ကုန်တင်ကုန်ချပမာဏ တန်ချိန် ၂၀ ဒသမ ၆ သန်းကို ကိုင်တွယ်ဆောင်ရွက်ခဲ့ကြောင်းနှင့် အဓိကကုန်စည်မှာ သံသတ္တုရိုင်းဖြစ်ကြောင်း သိရသည်။ ရူပီးကို နိုင်ငံတကာသုံးငွေကြေးအဖြစ်ဆောင်ရွက်ခြင်းကြောင့် နိုင်ငံခြားသင်္ဘောကုမ္ပဏီများအနေဖြင့် ပေးချေမှုများကို ရူပီးအသုံးပြုပေးချေနိုင်ကြသည့်အတွက် အဆိုပါ ဆိပ်ကမ်းအား ပိုမိုစွဲဆောင်မှုရှိစေကာ စရိတ်စကလည်း ပိုမိုသက်သာစေကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံခြားငွေဈေး အတက်အကျနှင့် ရင်ဆိုင်နေရသည့် ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာစရိတ်များကို တည်ငြိမ်စေကြောင်း သိရသည်။ Mormugao ဆိပ်ကမ်းရှိ နိုင်ငံခြားသင်္ဘောကုမ္ပဏီများ အနေဖြင့် ရူပီးငွေအသုံးပြု၍ ပေးချေမှုများ ဆောင်ရွက်နိုင်ကြသည့်အတွက် အပေးအယူကိစ္စ

Agribusiness & Trade

ရပ်များကို ချောမွေ့လွယ်ကူစေပြီး၊ Goa ကို တောင်အာရှနှင့် အရှေ့တောင်အာရှ ကုန်သွယ်မှုဗဟို ချက်အဖြစ် မြှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။

Goa ပြည်နယ်ရှိ သင်္ဘောတည်ဆောက်ရေးကဏ္ဍသည်လည်း သွင်းကုန်စရိတ်များလျှော့ချနိုင်သည့်အတွက် သိသာထင်ရှားသော တိုးတက်မှုများရှိလာသည်ဟု ဆိုသည်။ ဈေးအတက်အကျရှိသော နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချလာနိုင်သည့်အတွက် ကုန်ကြမ်းဝယ်ယူသည့် စရိတ်များလည်း လျှော့ကျလာကြောင်း၊ Goa သင်္ဘောကျင်းများအနေဖြင့် ပေးချေမှုများကို လွယ်ကူစွာဆောင်ရွက်နိုင်ကြသည့်အတွက် အရောင်းအဝယ်စာချုပ်များတွင် ရူပီးငွေဖြင့်ဖော်ပြပြီး လုပ်ကိုင်ကြကြောင်း သိရသည်။

ရူပီးကို အပြည်ပြည်ဆိုင်ရာငွေကြေးအဖြစ်ဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းရှိ ရောင်းလိုအား ကွင်းဆက်ကို စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေခြင်း၊ အချိန်ကာလသတ်မှတ်ချက်အတိုင်း ထုတ်လုပ်နိုင်ခြင်း၊ အခြေခံအဆောက်အအုံကဏ္ဍ၊ ခရီးသွားလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍစသည့်တို့၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုစွဲဆောင်နိုင်လာခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။ အဆိုပါ အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်ရန် အကောက်ခွန်ဆိုင်ရာ အခြေခံအဆောက်အုံများ ခေတ်မီစေရန်၊ ဆိပ်ကမ်းနှင့် လေဆိပ်အထောက်အကူများ၊ ကုန်းလမ်းနှင့် မီးရထားလမ်းကွန်ယက်များ တိုးတက်ကောင်းမွန်စေရန် Goa ပြည်နယ်အစိုးရနှင့် ကုန်သည်လုပ်ငန်းရှင် အသိုင်းအဝိုင်းမှ အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် ရူပီးကို အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖြစ်ဆောင်ရွက်ခြင်းအားဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းစက်မှုလက်မှုကဏ္ဍများကို အကျိုးအမြတ်များ ရရှိစေကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံနှင့်လည်း ရူပီး-ကျပ်ပေးချေမှုစနစ်စတင်အသက်ဝင် ဆောင်ရွက်လျက်ရှိပြီး၊ ၎င်းမှ တစ်ဆင့် နှစ်နိုင်ငံ အပေးအယူကိစ္စရပ်များ လွယ်ကူစွာဆောင်ရွက်နိုင်ကာ အမေရိကန်ဒေါ်လာကဲ့သို့ နိုင်ငံခြားငွေများအပေါ် မှီခိုမှုပိုမိုလျှော့ချလာနိုင်မည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

**ရည်ညွှန်း။** The Times of India, Internationalisation of rupee a game changer for Goa’s trade, Oct 28, 2024

Agribusiness & Trade

## ရုရှားဗဟိုဘဏ်က အလုပ်သမားရှားပါးမှု တိုးလာကြောင်း ပြောကြား

ရုရှားနိုင်ငံတွင် အလုပ်သမားဈေးကွက်သည် ခက်ခဲနေဆဲဖြစ်ပြီး လုပ်သားအရင်းအမြစ်ရှားပါးမှုသည် စက်မှုလုပ်ငန်းအများအပြားတွင် ကြီးထွားလာနေကြောင်း၊ ဝန်ထမ်းရှားပါးမှု ပြဿနာသည် ပိုမိုဆိုးရွားလာနေကြောင်း ရုရှားဗဟိုဘဏ် ဥက္ကဋ္ဌ Ms. Elvira Nabiullina က ဒါရိုက်တာဘုတ်အဖွဲ့အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အလုပ်သမားဈေးကွက်သည် ခက်ခဲနေဆဲဖြစ်ပြီး အလုပ်လက်မဲ့နှုန်းသည် သမိုင်းဝင် အနိမ့်ဆုံးအဆင့်တွင် ရှိနေကြောင်း၊ စက်မှုလုပ်ငန်းအမျိုးမျိုးတွင် လုပ်သားကွာဟချက် တိုးလာနေပြီး လုပ်သားများ၏ လုပ်အားခတိုးတက်မှုနှုန်းသည် ကုန်ထုတ်စွမ်းအား တိုးတက်မှုနှုန်းထက် ကျော်လွန်နေကြောင်း ဗဟိုဘဏ်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ပျမ်းမျှ ၃.၂ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ အလုပ်လက်မဲ့နှုန်းသည် ၂.၅ ရာခိုင်နှုန်းထိ ဆက်လက်ကျဆင်းလျက်ရှိကြောင်း ရုရှားဖက်ဒရယ်စာရင်းအင်းဌာန(Rosstat)၏ အချက်အလက်များအရ သိရှိရသည်။

ရုရှားနိုင်ငံ၏ စီးပွားရေးသည် ကောင်းမွန်သောအခြေအနေတွင် ရှိနေသော်လည်း နိုင်ငံအတွင်း အလုပ်လက်မဲ့မရှိသလောက်ဖြစ်နေ၍ လုပ်သားဈေးကွက် အပြည့်အဝဖြည့်ဆည်းပေးရန် လိုအပ်နေကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အစောပိုင်းတွင် မှတ်ချက်ပြုခဲ့ဖူးသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ အလုပ်လက်မဲ့နှုန်းသည် အနိမ့်ဆုံးသို့ ရောက်ရှိနေပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်ရုံလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်သားအင်အားရှားပါးမှုကို ကြုံတွေ့နေရသဖြင့် အဆိုပါလုပ်ငန်းများတွင် လိုအပ်သောအလုပ်သမားများ ဖြည့်ဆည်းပေးနိုင်ရေး မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် ဖော်ရွေသောနိုင်ငံများမှ ရုရှားနိုင်ငံသို့ ခေါ်ယူခန့်အပ်နိုင်ရေး ရုရှား အလုပ်သမားအေဂျင်စီများမှတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://ria.ru/20241025/trud-1980074385.html

…………………………………………………………………………………………

## ရုရှားနိုင်ငံ၏ GDP တိုးတက်မှုသည် ၂၀၂၄ ခုနှစ်တွင် ၄ ရာခိုင်နှုန်းရှိမည်ဟု ရုရှားသမ္မတ ပြောကြား

ရုရှားနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)သည် ၂၀၂၄ ခုနှစ်တွင် ၄ ရာခိုင်နှုန်းခန့် ရှိနိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင် က (၁၆) ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့အပြင် ပဏာမခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ်တွင် BRICS နိုင်ငံများ၏ GDP တိုးတက်မှုနှုန်းသည် ကမ္ဘာလုံးဆိုင်ရာဝေစု၏ ၃၆.၇ ရာခိုင်နှုန်းရှိမည်ဖြစ်ပြီး G7 နိုင်ငံများ၏ ဝေစုသည် ၃၀ ရာခိုင်နှုန်းရှိမည်ဖြစ်၍ BRICS နိုင်ငံများ၏ စီးပွားရေးသည် G7 နိုင်ငံများထက် တိုးတက်မှုကျော်လွန်သွားမည်ဖြစ်ကြောင်း သမ္မတက ပြောကြားခဲ့သည်။

G7 နိုင်ငံများ၏ ကမ္ဘာ့ GDP ဝေစုသည် ၁၉၉၂ ခုနှစ်တွင် ၄၅.၅ ရာခိုင်နှုန်းရှိပြီး BRICS နိုင်ငံများသည် အဆိုပါနှစ်တွင် ၁၆.၇ ရာခိုင်နှုန်းသာ ရှိကြောင်း၊ ဆယ်စုနှစ်သုံးစု ကြာပြီးနောက် ၂၀၂၃ ခုနှစ်တွင် တိုးတက်မှုအချိုးသည် သိသိသာသာပြောင်းလဲသွားခဲ့ကြောင်း၊ အထူးသဖြင့် BRICS အဖွဲ့ဝင်နိုင်ငံများသည် အနာဂတ်တွင် ပင်မကမ္ဘာ့ GDP တိုးတက်မှုကို ဖြစ်ပေါ်စေမည့် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ မောင်းနှင်အားဖြစ်ကြောင်း သမ္မတက မှတ်ချက်ပြုခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)သည် ရုရှားနိုင်ငံ၏ ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းကို ၃.၂ မှ ၃.၆ ရာခိုင်နှုန်းသို့ မြှင့်တင်ခဲ့ပြီး ၂၀၂၅ ခုနှစ်အတွက် ၁.၅ မှ ၁.၃ ရာခိုင်နှုန်းသို့ အဆင့်လျှော့ချ ခန့်မှန်းထားပါသည်။ ရုရှားစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနသည် ယခုနှစ်အတွက် GDP တိုးတက်မှုနှုန်းကို ၂.၈ ရာခိုင်နှုန်းမှ ၃.၉ ရာခိုင်နှုန်းသို့ တိုးတက်မည်ဟု အစောပိုင်းတွင် မြှင့်တင်ခန့်မှန်းခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် ၃.၆ ရာခိုင်နှုန်း ရှိခဲ့ကြောင်း သိရှိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/22219653

Agribusiness & Trade

........................................................................................................